# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၈–၂–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း–မင်းလှကန်ပေါင်အား ပုံစံကျတည်ဆောက်ပေးရန်နှင့် ရေပေးဝေနေသော အမှတ်(၁)၊ အမှတ်(၅)မြောင်းများကို ပုံစံကျ ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း (သောင်နုမြေ) များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်း မရှိဘဲ နီးစပ်ရာ အခြားသော ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ် လယ်/စီအဖွဲ့အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာ ပေးနိုင်ရန်၊ နွေရာသီရေရှားပါးမှု ပြဿနာ ဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်နိုင်ရန်အတွက် နန့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသတွင် အလတ်စား ရေလှောင်တမံ တစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစား ချောင်းပိတ်ဆည် ဖြစ်သော လဝဆည် တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **နိုင်ငံပိုင် စက်ရုံအချို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ် စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ် လုပ်ကိုင်သော လုပ်ငန်းမှာ အဆင်မပြေတော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **ဒေးဒရဲမြို့နယ်၊ နှစ်သီးစား လယ်များတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ် ဆက်တိုက် မိုးစပါးစိုက် လယ်ဧကများ ပျက်စီးနေခြင်းကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့နယ်အတွင်း ပင်ပုံကျေးရွာအုပ်စု၊ ရွှေနစ်ရွာအနီး ချောင်းကြီးချောင်း ရေလွှဲဆည် တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်းကိစ္စအား မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က တင်သွင်းသည့် **"စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဓာတ်မြေဩဇာများ ဖော်ထုတ်ခြင်း လုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံ မဲဆန္ဒနယ်၊

(ဃ) ဒေါ်နီနီဒွန်း၊ ပေါက်ခေါင်း မဲဆန္ဒနယ်၊

(င) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဆ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ဈ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ည) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ဋ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဌ) ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။